မူကြမ်း

## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)

( ၂၀၁၈ ခုနှစ် ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်   ။ )

၁၃ ခုနှစ် ၊   လ   ရက်

( ၂၀၁၈ ခုနှစ် ၊   လ   ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၅ ၊ ၆ နှင့် ၇ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ (က) ကောင်စီ၏ နာယကအဖွဲ့သည် ကောင်စီဝင် ၆၀ ဦးပါဝင်သော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဖွဲ့စည်းနိုင်ရေးအတွက် အမျိုးသားအဆင့် မြန်မာနိုင်ငံ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင် ညီလာခံကို ခေါ်ယူကျင်းပရမည်။

( ခ ) အမျိုးသားအဆင့် မြန်မာနိုင်ငံမှတ်ပုံတင် အင်ဂျင်နီယာပညာရှင် ညီလာခံတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသည့် အောက်ဖော်ပြပါ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ အနက်မှ ၁၀ ဦးစီကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့်အညီ နာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရွေးကောက်တင်မြှောက်ရမည် -

(၁) အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာ ဝန်ကြီးဌာန နှင့် အစိုးရ အဖွဲ့အစည်းများမှ မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်များ ၊

(၂) အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာ အစိုးရဌာန ၊ တက္ကသိုလ် ၊ ကောလိပ်နှင့် သိပ္ပံများမှ မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်များ ၊

(၃) အစိုးရ မဟုတ်သော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ ၊

(၄) ပြင်ပမှ ထင်ပေါ်ကျော်ကြားသော မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်များ ။

(ဂ) အမျိုးသားအဆင့် မြန်မာနိုင်ငံမှတ်ပုံတင် အင်ဂျင်နီယာပညာရှင် ညီလာခံသည် ပုဒ်မခွဲ (ခ) ပါ နယ်ပယ် လေးရပ်၏ ကောင်စီဝင်ဟောင်းများအနက်မှ ငါးဦးစီကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့်အညီ နာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရွေးချယ်တင်မြှောက် ရမည် ။

(ဃ) ကောင်စီဝင် ၆၀ ဦးသည် မိမိတို့အနက်မှ ကောင်စီဥက္ကဋ္ဌ တစ်ဦး ၊ ဒုတိယဥက္ကဋ္ဌ နှစ်ဦး ၊ အတွင်းရေးမှူး တစ်ဦး ၊ တွဲဘက်အတွင်းရေးမှူး နှစ်ဦး ၊ ဘဏ္ဍာရေးမှူး တစ်ဦးတို့ကို နာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် သတ်မှတ်ချက်များ နှင့်အညီ ရွေးကောက် တင်မြှောက်ရမည် ။

၆။ (က) အလုပ်အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌ နှစ်ဦး ၊ အတွင်းရေးမှူး တစ်ဦး ၊ တွဲဖက်အတွင်းရေးမှူး နှစ်ဦး ၊ ဘဏ္ဍာရေးမှူး တစ်ဦး ၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ရှစ်ဦး စုစုပေါင်း ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်။

(ခ) ကောင်စီ၏ ဥက္ကဋ္ဌ ၊ ဒုတိယဥက္ကဋ္ဌများ ၊ အတွင်းရေးမှူး ၊ တွဲဖက်အတွင်းရေးမှူးများ နှင့် ဘဏ္ဍာရေးမှူးတို့သည် အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌ ၊ ဒုတိယဥက္ကဋ္ဌများ ၊ အတွင်းရေးမှူး ၊ တွဲဖက်အတွင်းရေးမှူးများ နှင့် ဘဏ္ဍာရေးမှူးတို့အဖြစ် ဆောင်ရွက်ရမည်။

(ဂ) ကောင်စီဝင်များသည် မိမိတို့အနက်မှ အလုပ်အမှုဆောင်အဖွဲ့ဝင် ရှစ်ဦးကို သတ်မှတ်ချက်များနှင့်အညီ ရွေးကောက်တင်မြှောက် ရမည်။

၇။ (က) ကောင်စီ၏နာယကအဖွဲ့သည် ပုဒ်မ ၅ နှင့် ပုဒ်မ ၆ တို့အရ ရွေးကောက်တင်မြှောက်ခံရသူများ၏ အမည်စာရင်းနှင့် ရွေးချယ်တင်မြှောက်ခြင်းခံရသူများ၏ အမည်စာရင်းတို့ကို တာဝန်ခံဝန်ကြီးဌာနသို့ ပေးပို့ရမည် ။

(ခ) တာဝန်ခံဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ ကောင်စီ၏ နာယကအဖွဲ့က ပေးပို့သော အမည်စာရင်းပါ ပုဂ္ဂိုလ်များ ပါဝင်သည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နှင့် အလုပ်အမှုဆောင်အဖွဲ့ တို့ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းရမည် ။”

၃။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၈ ၊ ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(စ) နာယကအဖွဲ့သည် လက်ရှိကောင်စီ သက်တမ်း ကုန်ဆုံးသည့်ရက်မှ ရက်ပေါင်း ၆၀ အတွင်း တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အမျိုးသားအဆင့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်ညီလာခံကို ခေါ်ယူ၍ ကောင်စီအသစ်ကို ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက် ဖွဲ့စည်းပြီး တာဝန်လွှဲပြောင်းပေးရမည် ။”

၄။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၁၀ ၊ ပုဒ်မခွဲ (ဆ) ၏ နောက်တွင် ပုဒ်မခွဲ (ဇ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ဇ) နည်းဥပဒေများကို အခါအားလျော်စွာ ပြန်လည်သုံးသပ်ခြင်း နှင့် ခေတ်စနစ် ပြောင်းလဲမှု ၊ နည်းပညာတိုးတက်မှုများနှင့်အညီ လိုအပ်ပါက ပြင်ဆင်နိုင်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနသို့ အဆိုပြုတင်ပြခြင်း ။”

၅။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၃၇ ပါ "မှတ်ပုံတင်လက်မှတ် မရှိဘဲ လုပ်ကိုင်ခြင်း မပြုရ" ဆိုသည့် စကားရပ်ကို "မှတ်ပုံတင်လက်မှတ် မရှိဘဲသော်လည်းကောင်း ၊ မှတ်ပုံတင်လက်မှတ် ရသူတစ်ဦးဦး၏ တိုက်ရိုက်ကြီးကြပ်ကွပ်ကဲမှုနှင့် ယင်း၏ တာဝန်ယူမှု ၊ တာဝန်ခံမှု မပါဘဲသော်လည်းကောင်း လုပ်ကိုင်ခြင်းမပြုရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည် ။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်